# မြန်မာနိုင်ငံ

## ပဋိပက္ခကြားမှ စီးပွားရေး အသွင်ကူးပြောင်းမှု



## နိုင်ငံဆိုင်ရာ စနစ်တကျ လေ့လာဆန်းစစ်မှု အနှစ်ချုပ်

WORLD BANK GROUP

# အနှစ်ချုပ်

၁။ **မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိသော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိသည်။** ဘင်္ဂလားပင်လယ်အော်မှ ကပ္ပလီပင်လယ်ပြင်အထိ တစ်ဆက်တစ်စပ်တည်းရှိသည့် ၁,၂၀၀ မိုင် ရှည်လျားသော ကမ်းရိုးတန်းကိုလည်း ပိုင်ဆိုင်ထားပြီး သဘာဝ သယံဇာတများ ပေါကြွယ်လျက်ရှိသည့် မြန်မာနိုင်ငံသည် အဆိုပါတန်ဖိုးရှိသည့် အရင်းအမြစ်များအား မြန်မာပြည်သူပေါင်း ၅၃ သန်းအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်မှုများအဖြစ် ပြောင်းလဲပေးနိုင်သည့် အလားအလာကောင်းများစွာ ရှိနေသည်။

၂။ **မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းလျက်ရှိပြီး ဗဟိုချုပ်ကိုင်သည့် နိုင်ငံရေးစနစ်၊ စီးပွားရေး စီမံခန့်ခွဲမှု အလွဲအမှားများ၊ ယနေ့တိုင် မချုပ်ငြိမ်းသေးသည့် တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများ၊ လူနည်းစုသာလျှင် အကျိုးဖြစ်ထွန်းသည့် သယံဇာတ တူးဖော်ထုတ်ယူမှုများဟူသည့် အတိတ်ကာလ၏ အမွေဆိုးများမှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်သည်။** တိုင်းပြည်၏ အဓိက အရေးပါသည့် အလှည့်အပြောင်းများ ဖြစ်သည့် ၂၀၁၁ ခုနှစ်တွင် တိုင်းပြည် စတင်ပွင့်လင်းလာခဲ့ခြင်းနှင့် ၂၀၁၅ ခုနှစ်တွင် တိုင်းပြည်၌ ဒီမိုကရေစီ ရွေးကောက်ပွဲများ ပထမဦးဆုံးအကြိမ် ကျင်းပနိုင်ခဲ့ခြင်းတို့ကြောင့် အပြုသဘောဆောင်သည့် မျှော်လင့်ချက်များကို မြှင့်တက်လာစေခဲ့သည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အား ချုပ်ဆိုနိုင်ခဲ့ပြီး အားလုံးပါဝင်နိုင်မည့် ဒီမိုကရေစီ ပြည့်ဝသည့် အနာဂတ်မြန်မာနိုင်ငံအား ပုံဖော်တည်ဆောက်ရန် နိုင်ငံရေး ဆွေးနွေးပွဲများ အသစ်ထွက်ပေါ်လာခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူနေမှု အဆင့်အတန်းတို့ မြင့်မားတိုးတက်မှုတို့အား အထောက်အကူပြုနိုင်ခဲ့သည်။ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် သိသာထင်ရှားသော တိုးတက်မှုများကို တွေ့ရှိခဲ့ရသည်။ သို့သော် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် အရှိန်အဟုန်တန့်လာသည်ကို တွေ့ရှိရပြီး ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်မှုအပိုင်းတွင် အရှိန်အဟုန် ပိုမိုကျဆင်းလာကြောင်း လေ့လာတွေ့ရှိရသည်။

၃။ **လတ်တလော၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် အရှိန်အဟုန် နှေးကွေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။** တိုးတက်မှုများ အရှိန်ပြန်ရလာရန်နှင့် ရလဒ်များအား ပြည်သူများအား ပိုမိုကျယ်ပြန့်စွာ အကျိုးဖြစ်ထွန်းစေနိုင်ရန်အတွက် တိကျပြတ်သားသည့် မူဝါဒများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ ရခိုင်ပြည်နယ် အရေးကိစ္စတွင် အစိုးရ၏ ဖြေရှင်းဆောင်ရွက်မှု အားနည်းခြင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ပဋိပက္ခများ ပြင်းထန်မြင့်တက်လာခြင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအား တစ်ဆင့်တက်ကာ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ရာတွင် ပိုမိုခက်ခဲလာသည့် သဘောသဘာဝကြောင့် တိုးတက်မှုနှေးကွေးလာခြင်းတို့သည် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၏ ခက်ခဲနက်နဲရှုပ်ထွေးမှုအား ဖော်ညွှန်းလျက်ရှိပြီး အားလုံးပါဝင် နိုင်သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် စိန်ခေါ်မှုများကို ဖော်ပြနေပါသည်။ ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်တွင် ၎င်းတို့ကိုယ် ၎င်းတို့ ရိုဟင်ဂျာ[1]ဟု သတ်မှတ်ထားသည့် အသိုင်းအဝိုင်းအား (နောက်ပိုင်းတွင် 'မွတ်စလင်များ' သို့မဟုတ် 'ရခိုင်ပြည်နယ်ရှိ မွတ်စလင်အသိုက်အဝန်း' ဟု ရည်ညွှန်းပါမည်) စစ်တပ်၏ အရေးယူဆောင်ရွက်မှုကြောင့် အရပ်သားများ သေဆုံးခဲ့ရပြီး လူပေါင်း ၇၂၅,၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးခဲ့ရသည့်အဖြစ်သည် ဒီမိုကရေစီ အသွင်ကူးပြောင်းရာတွင် အခက်အခဲများစွာရှိနေသည်ကို ပေါ်လွင်ထင်ရှားစေခဲ့ပြီး ယင်းဖြစ်ရပ်ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းက ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၏ မသေချာမရေရာမှုကလည်း နောက်ထပ်စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ဗဟိုချုပ်ကိုင်သည့် စီမံကိန်းစီးပွားရေးစနစ်မှ တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ်၊ စစ်အုပ်ချုပ်ရေးမှ အရပ်သား အုပ်ချုပ်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွား နေခြင်းမှ ငြိမ်းချမ်းရေးဆီသို့ ကူးပြောင်းလျက်ရှိသော အပြန်အလှန် ချိတ်ဆက်နေသည့် မြန်မာနိုင်ငံ၏ အသွင် ကူးပြောင်းမှုများသည် အရှိန်အဟုန် ပြန်လည်ကောင်းမွန်လာစေရန်နှင့် ဆက်လက်တိုးတက်မှုများ ရရှိစေရန်မှာ ပိုမိုနက်ရှိုင်းသည့် ပြုပြင်ပြောင်းလဲမှုရေး လုပ်ငန်းစဉ်များနှင့်အတူ နိုင်ငံတော်၏ မြင့်မားသည့် စွမ်းဆောင်ရည် လိုအပ်မည် ဖြစ်ပါသည်။

---

1 ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၏ အစီရင်ခံစာ ၂၀၁၇ အရ ယခု အစီရင်ခံစာတွင် ၎င်းတို့ကိုယ် ၎င်းတို့ ရိုဟင်ဂျာ ဟု သတ်မှတ်ထားသူများအား "မွတ်ဆလင်များ" "ရခိုင်ပြည်နယ်မှ မွတ်ဆလင် အသိုက်အဝန်း" ဟု ဆက်လက် ရည်ညွှန်း ခေါ်ဝေါ်သွားမည်။ ယင်းအသုံးသည် ရခိုင်ပြည်နယ်ရှိ ကမန်မွတ်ဆလင်များ သို့မဟုတ် နိုင်ငံတွင်းရှိ အခြားမွတ်ဆလင်များအား မရည်ညွှန်းပါ။

၄။ **ယခု နိုင်ငံဆိုင်ရာ စနစ်တကျ လေ့လာဆန်းစစ်မှု အစီရင်ခံစာသည် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများ ပြန်လည်စတင်ခဲ့ပြီးနောက်ပိုင်း ဆောင်ရွက်သည့် ဒုတိယအကြိမ်မြောက် အစီရင်ခံစာ ဖြစ်သည်။** ဤလေ့လာမှုသည် ယနေ့ကာလတွင် ပိုမိုပြည့်စုံလာသည့် ဒေတာအချက်အလက်များနှင့် သက်သေအထောက်အထားများအပေါ်တွင် အခြေခံကာ နိုင်ငံစတင်ပွင့်လင်းလာချိန်နောက်ပိုင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး စွမ်းဆောင်မှုများအား တွန်းအားပေး မောင်းနှင်နိုင်မည့်အရာများ၊ အဆိုပါလုပ်ဆောင်မှုများကို စဉ်ဆက်မပြတ် ဆက်လက်တိုးတက်လုပ်ဆောင်နိုင်ရေးတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ရှေ့တွင် စောင့်ကြိုနေမည့် စိန်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်မည့် လမ်းကြောင်းသုံးခုအား ဖော်ထုတ်ထားသည်။ ထိုသို့ လေ့လာဆန်းစစ်အဖြေရှာမှုတွင် ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) မှ ချမှတ်ထားသော မူဝါဒများအပါအဝင် ၂၀၁၉ ခုနှစ် ဧပြီလအထိ အစိုးရ၏ မူဝါဒများအပေါ် အခြေခံကာ လေ့လာဆန်းစစ်ထားပါသည်။

တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခ၊ စီးပွားရေး စီမံခန့်ခွဲမှု အလွဲအမှားများရှိခဲ့သည့် ခေတ်အဆက်ဆက်အား ဖြတ်သန်းခဲ့ရပြီး လက်ရှိတွင်လည်း ခက်ခဲသည့် အသွင်ကူးပြောင်းမှုအား ဖြတ်သန်းနေရသော်လည်း မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုသည် စီးပွားရေးအရ ခိုင်မာသည့် ဆောင်ရွက်မှုများ ဖြစ်ပေါ် ခဲ့သည်။

၅။ **မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ချိန်မှစ၍ နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်နှင့် ကန့်သတ်ချုပ်ချယ်သည့် စစ်တပ်အုပ်ချုပ်ရေးတို့၏ လွှမ်းမိုးမှု ဒဏ်ကိုခံခဲ့ပြီး ယင်းသည် ယနေ့ထက်တိုင် နိုင်ငံအပေါ် သက်ရောက်မှုရှိနေဆဲဖြစ်ပါသည်။** မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ကာလအရှည်ကြာဆုံးနှင့် အရှုပ်ထွေးဆုံးသော တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည့် နိုင်ငံအချို့ထဲမှ တစ်နိုင်ငံဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများသည် လွတ်လပ်ရေး ရရှိခဲ့သည့် အချိန်ကတည်းက စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီးထိုအချိန်ကာလကနိုင်ငံအနှံ့အပြားတွင်တော်လှန်ရေးများပေါ်ပေါက်လာကာတိုင်းရင်းသားအုပ်စုအများအပြားသည် လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြပါသည်။ အဆိုပါပဋိပက္ခများတွင် အသက်ပေါင်းများစွာ စတေးခဲ့ရပြီး နိုင်ငံ၏ အရင်းအမြစ် များအား ပြည်သူ့ဝန်ဆောင်မှုများအတွက် မသုံးစွဲနိုင်ခဲ့ဘဲ လမ်းလွဲခဲ့ရသည့်အပြင် နိုင်ငံ၏ စည်းလုံးညီညွတ်မှုကိုလည်း စိန်ခေါ် ခြိမ်းခြောက်လျက် ရှိပါသည်။ ထိုကဲ့သို့သောအခြေအနေတွင် မြန်မာ့တပ်မတော်သည် နိုင်ငံတော် မပြိုကွဲအောင် ထိန်းသိမ်းပေးသည့် အင်အားတစ်ရပ်အဖြစ် စုစည်းကာ တိုင်းပြည်အား ရာစုနှစ်တစ်ဝက် ကြာအောင် ဦးဆောင် အုပ်ချုပ်ခဲ့ပါသည်။ ထိုကာလအတွင်း ဆန့်ကျင်ဖက်အုပ်စုများနှင့် နိုင်ငံရေးဆွေးနွေးပြောဆိုမှုများကို ကန့်သတ်ချုပ်ချယ်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အား ၁၉၆၂ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး တိုင်းပြည်အတွင်းရှိ စီးပွားရေး လုပ်ငန်းများအား နိုင်ငံပိုင်သိမ်းခဲ့သည်။ ကုန်သွယ်ရေး၊ ငွေကြေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဘဏ်လုပ်ငန်းများအား ဗဟိုမှ ချုပ်ကိုင်ခဲ့ပြီး ၁၉၉၀ မတိုင်ခင်ကာလအထိ နိုင်ငံတွင် စျေးကွက်စီးပွားရေးစနစ်ကျင့်သုံးနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့ခြင်း မရှိခဲ့ပါ။ ယနေ့မြန်မာနိုင်ငံ၏ အခြေအနေကိုကြည့်လျှင် အဆိုပါဆယ်စုနှစ်များ၏ အရိပ်များ ထင်ဟပ်လျက် ရှိနေဆဲဖြစ်ပြီး ယင်းတို့အား ဖြေရှင်းနိုင်ရန် အားထုတ်ရာတွင် အချိန်တစ်ခုယူရမည် ဖြစ်ပါသည်။

၆။ **၂၀၁၁ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းမှုသုံးခုကို စတင် ပေါ်ပေါက်လာသည်။** ထိုအသွင် ကူးပြောင်းမှုတွင် နိုင်ငံ၏ အဖွဲ့အစည်းဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံများကို ပြောင်းလဲခြင်း၊ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း၊ ကမ္ဘာပေါ်ရှိ ကာလအရှည်ကြာဆုံးဖြစ်ပွားနေသည့် တိုင်းရင်းသား လက်နက်ကိုင် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်းတို့အား တစ်ပြိုင်နက်တည်း လုပ်ဆောင်နေပါသည်။ ပြောင်းလဲမှုများသည် စနစ်တကျစီစဉ်ထားသော ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး၊ လွှတ်တော်တွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံ နေရာယူထားပြီး အဓိကကျသော ဝန်ကြီးဌာနသုံးခုအား တပ်မတော်မှ ဦးဆောင်နေဆဲဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်အတွင်းမှပင် အဆိုပါကူးပြောင်းမှုများအား ဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရန် ဆက်လက်တိုက်ခိုက်နေကြပြီး တစ်နေ့တွင် ဖြစ်ပေါ်လာမည့် တိုင်းပြည်၏အနာဂတ်ကို ပုံဖော်ခွင့်ရရန် ကြိုးပမ်းနေကြသည့်အတွက် အသွင်ကူးပြောင်းမှုသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ အသွင်ကူးပြောင်းမှုသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကြား လူမှုပဋိညာဉ် (social contract) ကို ပြန်လည် ချုပ်ဆိုရန် ကြိုးပမ်းနေပြီး နိုင်ငံတွင်း မှီတင်းနေထိုင်သော လူမှုအသိုင်းအဝိုင်းအမျိုးမျိုးကြားရှိ ဆက်ဆံရေးများကိုလည်း ပြန်လည်သတ်မှတ်ဖွင့်ဆိုနေပါသည်။ ယင်းတို့အား အာဏာရရန် ကာလရှည်ကြာစောင့်ဆိုင်းခဲ့ရပြီး အုပ်ချုပ်ရေးအတွေ့အကြုံ များအား သင်ယူနေဆဲ အရပ်သားအစိုးရ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် ဆောင်ရွက်နေ ခြင်းဖြစ်ပြီး ထိုအရပ်သားအစိုးရသည် မူဝါဒနယ်ပယ်စုံတွင် တိုးတက်မှုများကို ဆောင်ကြဉ်းပေးရန် တာဝန်ယူ ဆောင်ရွက်နေရသည့် တစ်ချိန်တည်းတွင် စစ်တပ်နှင့် အထိအခိုက်မခံသည့် ဆက်ဆံရေးကိုလည်း စီမံကိုင်တွယ်နေရပါသည်။

၇။ **နိုင်ငံသည် ပွင့်လင်းလာပြီဖြစ်ပါသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများမှတစ်ဆင့် နိုင်ငံတွင်းတွင် ပွင့်လင်းလာသလို ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရွှေ့ပြောင်းသွားလာမှုများမှတစ်ဆင့် နိုင်ငံပြင်ပသို့လည်း လမ်းဖွင့်ပေးနေပြီဖြစ်ရာ အကျိုးရလဒ်များ ချက်ချင်းလက်ငင်း ရရှိခံစားလာရသလို တိုးတက်မှုများ ဆက်လက်ရရှိလာလိမ့်မည်ဟူသော မျှော်လင့်ချက်များမှာလည်း မြင့်မားလှပါသည်။** မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကြားတွင် နှစ်စဉ် ၇ ရာခိုင်နှုန်းရှိခဲ့ရာ အလွန်ထူးကဲသောနှုန်းဖြင့် တိုးတက်လာခြင်းဖြစ်ပြီး ကမ္ဘာပေါ်ရှိ အလျှင်မြန်ဆုံး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံငါးနိုင်ငံတွင် ပါဝင်နေပြီး ဒေသတွင်းတွင်လည်း သမိုင်းတွင်သည့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် တရုတ်နိုင်ငံပြီးလျှင် ဒုတိယလိုက်နေပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၏ ပံ့ပိုးမှုဖြင့် ငွေအရင်းအနှီးများ တိုးပွားလာမှု (Capital accumulation)နှင့် အတိုင်းအတာအားဖြင့် ပိုမိုနည်းပါးသည့် ကုန်ထုတ်စွမ်းအားတိုးတက်လာမှုတို့ကြောင့် ထိုဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုက လူနေမှုအဆင့်အတန်းများကို တိုးတက်စေခဲ့ပြီး သန်းနှင့်ချီသော ပြည်သူများအား ဆင်းရဲတွင်းမှ လွတ်မြောက်အောင် ကူညီပေးနိုင်ခဲ့ပါသည်။ နိုင်ငံ၏ ဆင်းရဲမှုနှုန်းသည် ၂၀၀၅ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါသည်။[2] အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများလည်းတိုးပွားလာပါသည်။ မဟာဓာတ်အားလိုင်းကွန်ရက် တိုးချဲ့မှုနှင့် နေစွမ်းအင် နည်းပညာများ ထွန်းကားလာမှုကြောင့် မီးထွန်းရန် ဖယောင်းတိုင်မီးကို အဓိက သုံးစွဲရသည့် အိမ်ထောင်စုသည် ၂၀၀၅ ခုနှစ်တွင် ထက်ဝက်ခန့်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၇ ရာခိုင်နှုန်းအထိ ထိုးကျသွားပါသည်။ ထို့ပြင်နိုင်ငံတွင် တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ အသွင်ကူးပြောင်းမှုကိုလည်း ဖော်ဆောင်ခဲ့ရာ မိုဘိုင်းဖုန်းများကို နေရာတိုင်းတွင် အသုံးပြုလာနိုင်ပြီဖြစ်ရာ ဖုန်းတစ်လုံးပိုင်ဆိုင်သော အိမ်ထောင်စုသည် ၈၁.၅ ရာခိုင်နှုန်းရှိပြီး အများစုသည် အင်တာနက် သုံးစွဲနိုင်သော ဖုန်းများ ဖြစ်ပါသည်။

## ကွာဟချက်များ ကြီးမားလာခြင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန် နှေးကွေးလာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များသည် တိုးတက်မှုများ ဆက်လက်ရရှိရေးကို စိန်ခေါ်လျက် ရှိပါသည်။

၈။ **သိသာထင်ရှားသော တိုးတက်မှု ရရှိခဲ့သော်လည်း ထိုဖွံ့ဖြိုးတိုးတက်မှုသည် ဆင်းရဲနွမ်းပါးသူများ အကျိုးခံစားခွင့်ရသော၊ အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုမျိုး ဖြစ်သင့်သလောက် မဖြစ်ခဲ့ပါ။** ထူးခြားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ခြင်းနှင့် ယှဉ်ကြည့်လျှင် နှစ်စဉ် ၆.၄ ရာခိုင်နှုန်းသာ ရှိသည့် ဆင်းရဲမှုလျော့ကျနှုန်း နည်းပါးနေသေးပြီး ထိုနှုန်းသည် ကမ္ဘာ့ပျမ်းမျှနှုန်းနှင့် နီးစပ်သော်လည်း အရှေ့အာရှနှင့် ပစိဖိတ်ဒေသရှိ အခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် တော်ရုံသင့်ရုံမျှသာ ရှိပါသေးသည်။ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြားတွင် အရှေ့အာရှနှင့် ပစိတ်ဖိတ်ဒေသတွင်း၌ နိုင်ငံလူဦးရေ၏ အောက်ဆုံး ၄၀ ရာခိုင်နှုန်း၏ ဝင်ငွေတိုးနှုန်းသည် တစ်နိုင်ငံလုံးပျမ်းမျှနှုန်းထက် ပိုမိုနှေးကွေးနေသော နိုင်ငံမှာ အနည်းငယ်မျှသာ ရှိသည့်အထဲတွင် မြန်မာ နိုင်ငံ ပါဝင်နေပါသည် (နှစ်စဉ်တိုးတက်မှုနှုန်း ၂.၀ ရာခိုင်နှုန်းနှင့် ၂.၇ ရာခိုင်နှုန်း)။ လွန်ခဲ့သောဆယ်စုနှစ်အတွင်းတွင် ပုံမှန်တိုးပွားလာသော မြို့ပြဖြစ်ထွန်းမှုများနှင့်အတူ တန်းတူညီမျှမရှိမှုသည်လည်း တိုးပွားလာခဲ့ပါသည်။ မြေယာ၊ ငွေအရင်းအနှီးနှင့် ပညာအရည်အချင်းတို့ကို ပိုင်ဆိုင်ထားသူများသည် နိုင်ငံ ပွင့်လင်းလာမှုနှင့်အတူ တိုးတက်မှုများ ပိုမိုလျှင်မြန်စွာ ရရှိခဲ့ကြပါသည်။ အခြားသော တန်းတူညီမျှမရှိမှုများအဖြစ် ကျေးလက်ဒေသများ၊ ပဋိပက္ခဒဏ်သင့်သော ပြည်နယ်များ၊ တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုအုပ်စုများသည် လူမှုဘဝဖူလုံမှုဆိုင်ရာ အပိုင်းကဏ္ဍအများစုတွင် နောက်ကျကျန်ခဲ့ကြပါသည်။ အာဟာရချို့တဲ့ ၍ ပုညက်မှုမှ စတင်ကာ ပညာသင်ယူတတ်မြောက်မှု၊ လျှပ်စစ်မီးနှင့် အခြေခံသန့်ရှင်းရေးဝန်ဆောင်မှုများ လက်လှမ်းမီ အသုံးပြုနိုင်မှုအဆုံး အမျိုးမျိုးသော အပိုင်းကဏ္ဍများတွင် နောက်ကျန်ရစ်ကြပါသည်။ အများနည်းတူ ဘဝအစ တရားမျှတစွာ စတင်ခွင့်ရရှိရေးနှင့် ဆင်းရဲမှုထိခိုက်လွယ်မှုတို့မှ လွတ်မြောက်နိုင်မည့် အခွင့်အရေးများအတွက် အဆိုပါအပိုင်းကဏ္ဍများတွင် အခြေအနေ တိုးတက်ကောင်းမွန် မှုသည် များစွာအခြေခံကျသော လိုအပ်ချက်များ ဖြစ်ပါသည်။

၉။ **အသွင်ကူးပြောင်းမှုအရှိန်အဟုန် စတင်နှေးကွေးလာမှုနှင့်အတူ အသွင်ကူးပြောင်းမှု၏ အစောပိုင်းနှစ်များတွင် ရှိခဲ့သည့် အကောင်းမြင်သည့် မျှော်လင့်ချက်များလည်း အရောင်မှိန်လာသည်။** စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၂၀၁၄-၁၅ ခုနှစ်က ၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၇-၁၈ ခုနှစ်တွင် ခန့်မှန်းခြေ ၆.၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားပါသည်။ နိုင်ငံခြားငွေလဲနှုန်းနှင့် ငွေကြေး ဖောင်းပွမှုနှုန်းသည်လည်း တည်ငြိမ်မှု မရှိသေးပါ။ ဘဏ္ဍာရေးအရင်းအမြစ်များမှာ အလွန်ပင် နည်းပါးနေပြီး အခွန်နှင့် GDP အချိုး သည် ကမ္ဘာပေါ်တွင် အနိမ့်ဆုံးထဲ၌ ပါဝင်နေပါသည်။ သမိုင်းအစဉ်အဆက် ပြည်သူ့ဘဏ္ဍာ၏ ကြီးမားသော အစိတ်အပိုင်းကို ရာဖွေပေးခဲ့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SEEs) သည် ယခုအခါ အသားတင်အရှုံးပေါ်နေသော

---

2 ၂၀၁၇ ခုနှစ်အတွက် ဆင်းရဲနွမ်းပါးမှု တိုင်းတာမှုအား ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံနေထိုင်မှုစစ်တမ်းအပေါ်တွင် အခြေခံထားပါသည်။ ထိုစစ်တမ်း၏ရလဒ်များအား ၂၀၁၉ ခုနှစ် ဖွန်လနှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့ပါသည်။ ယခု အစီရင်ခံစာတွင် ဖော်ပြထားသည့် ဆင်းရဲနွမ်းပါးမှု လေ့လာစိစစ်ချက်အား ၂၀၁၉ ခုနှစ် ဧပြီလတွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ထုတ်ပြန်နိုင်ရန် စီစဉ်လျက်ရှိပါသည်။ ယင်းသည် ၂၀၁၅ ခုနှစ်အထိ အကျုံးဝင်ပါသည်။

လုပ်ငန်းများသာ ဖြစ်နေပြီး ဘဏ္ဍာရေးလိုငွေပြမှု၏ အကြောင်းတစ်ခု ဖြစ်နေပါသည်။ အုပ်ချုပ်ရေးပိုင်းတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကို တွေ့ရှိရပြီး ဥပမာအားဖြင့် ဘဏ္ဍာရေး ပိုမို ခွဲဝေချထားပေးမှုများကို မြင်တွေ့နိုင်သည်။ သို့သော် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ဗဟိုချုပ်ကိုင်မှု အလွန် မြင့်မားနေဆဲ ဖြစ်ကာ အစိုးရဌာနများသည် နိုင်ငံ၏ မတူကွဲပြားမှုများကို ယခုထက်ပိုမိုစွာ ကိုယ်စားပြုနိုင်မည်ဆိုပါ ပိုမို ကောင်းမွန်မည် ဖြစ်သည်။ NCA နှင့် စပ်လျဉ်း၍ တိုးတက်မှုမရှိ ရပ်တန့်လျက်ရှိပြီး လက်နက်ကိုင်ပဋိပက္ခများလည်း ဆက်လက် ဖြစ်ပွားနေပါသည်။ လွတ်လပ်စွာ သွားလာခွင့် မရှိခြင်း သို့မဟုတ် မွတ်စလင်အသိုက်အဝန်းများအတွက် နိုင်ငံသား ဖြစ်ခွင့်အလားအလာကို ဖော်ဆောင်ပေးနိုင်သည့် လမ်းကြောင်းတစ်ခု ရှိမနေခြင်းအပါအဝင် ရခိုင်ပြည်နယ်ရှိ အကြမ်းဖက် မှုများနှင့် ပစ်ပယ်ထားမှုများ၏ အကြောင်းရင်းခံများကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်း တိုးတက်မှု မရှိသလောက်ဖြစ်နေ ပါသည်။ တိုင်းရင်းသား လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် နယ်မြေဒေသ ကွဲပြားမှုများပေါ် အခြေခံကာ လျစ်လျူရှု ပစ်ပယ် ထားမှုများက ထိခိုက်နစ်နာမှုများကို ပိုမို ဖြစ်ပေါ်စေပြီး တစ်ခါတစ်ရံ ပြည်နယ်အများအပြားတွင် မကျေနပ်ချက်နှင့် ထိုထိခိုက်နစ်နာမှုများက အကြမ်းဖက်မှုများကို ပေါ်ပေါက်လာစေရာ အသွင်ကူးပြောင်းနေသည့် နိုင်ငံ၏ ထိရှပျက်ပြား လွယ်မှုကို ပိုမိုနက်ရှိုင်းလာစေပါသည်။

၁၀။ **နိုင်ငံစီးပွားရေးတွင် စီးပွားရေးကဏ္ဍအသီးသီး၏ ပါဝင်မှုအချိုးအစား ပြောင်းလဲမှု (Structural transformation) သည် နှေးကွေးနေပြီး အကန့်အသတ်များသော စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်နှင့် စီးပွားရေးလုပ်ရန် ကုန်ကျစရိတ် မြင့်မားခြင်း များက အဟန့်အတားဖြစ်နေကာ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အတွက် ဖြစ်ပါ သည်။** အစိုးရ၏ ကိန်းဂဏန်းအချက်အလက်များအရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တွင် မှတ်ပုံ တင်ထားသော ပုဂ္ဂလိက ကုမ္ပဏီအရေအတွက်သည် ၂၀၁၂ ခုနှစ်တွင် ၃၀,၄၀၇ ခု ရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၅၈,၇၈၉ ခု ဖြစ်လာသည့်အတွက် နှစ်ဆတိုးလာပါသည်။ အခင်းအကျင်းသည် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာသော်လည်း စီးပွားရေး လုပ်ငန်းများစွာကို ပူးပေါင်းတည်ထောင်ထားသော ကော်ပိုရေးရှင်းကြီးများ (အချို့မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ) က ပုဂ္ဂလိက ကဏ္ဍ လုပ်ဆောင်မှုများအား လွှမ်းမိုးလက်ဝါးကြီးအုပ်ထားဆဲဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လင့်ကစား ဒေသတွင်းဈေးကွက်နှင့် ဆယ်စုနှစ်များစွာ အဆက်အဆံ မရှိခဲ့ခြင်းကြောင့် ကမ္ဘာနှင့်ချိတ်ဆက်ရမည့် တန်ဖိုးကွင်းဆက်များသည် ဖွံ့ဖြိုးမှုမရှိဘဲ နိုင်ငံတွင်းတွင် ဆန်းသစ်တီထွင်နိုင်သော ကုမ္ပဏီအရေအတွက်မှာ အလွန်ပင် နည်းပါးပါသည်။ အခြားတစ်ဖက်တွင်မူ လုပ်သားများ၏ ၈၅ ရာခိုင်နှုန်းခန့်သည် ပုံစံတကျမဟုတ်သော (informal) ကဏ္ဍများတွင် လုပ်ကိုင်နေကြခြင်းဖြစ်ရာ ယင်းသည် ကြီးမားသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပြန်ပါသည်။ ဘဏ္ဍာငွေ၊ မြေယာ၊ လျှပ်စစ်ဓာတ်အား ကဲ့သို့ ထုတ်လုပ်မှုအတွက် အခြေခံလိုအပ်ချက်များမှာ ဈေးကြီးပြီး လက်လှမ်းမီရရှိရန် ခက်ခဲ လှပါသည်။

၁၁။ **ဆင်းရဲမှုလျှော့ချရေးတွင် စိုက်ပျိုးရေးကဏ္ဍသည် အခရာကျသော်လည်း စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အလားအလာ များမှာ ပြည့်မီခြင်း မရှိသေးပါ။** ကျေးလက်ဒေသများနှင့် ဆင်းရဲသော အိမ်ထောင်စုများကြားတွင် အလုပ်အကိုင်များ၏ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးကဏ္ဍမှ ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်းတွင် ဆင်းရဲမှုလျှော့ချခြင်း၏ အနည်းဆုံး ထက်ဝက်ခန့်သည် စိုက်ပျိုးရေးမှ ရရှိသောဝင်ငွေများကြောင့်ဖြစ်ပါသည်။ မကြာသေးမီနှစ်များအတွင်းက ဖွင့်ပေးလိုက်သော ကုန်သွယ်မှုအခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ကာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပတင်ပို့မှုအတွက် ကောင်းစွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သော်လည်း စုစုပေါင်းကုန်ထုတ်စွမ်းအားမှာ အကန့်အသတ်ရှိနေဆဲ ဖြစ်ပါသည်။ စိုက် ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအား စိုက်ပျိုးရေးသွင်းအားစုဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုနည်းပါးနေခြင်းက အဟန့် အတားဖြစ်စေပြီး ပိုမိုကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေနှင့် ဆည်ရေသွင်းမှု၊ စိုက်ပျိုးရေး တိုးချဲ့ပညာပေး ဝန်ဆောင်မှုနှင့် ဈေးကွက်ဝန်ဆောင်မှုများကဲ့သို့ အဖွဲ့အစည်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ အားနည်းနေမှု တို့ကို ထင်ဟပ်ပြသနေပါသည်။ အရည်အသွေး နိမ့်သည့် အခြေခံအဆောက်အအုံများက ကုန်ထုတ်စွမ်းအားနှင့် တန်ဖိုး ကွင်းဆက်အလားအလာတို့ကို လျှော့နည်းစေပါသည်။

၁၂။ **အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် တိုးတက်မှုနှုန်းကို အမှီ မလိုက်နိုင်သေးပါ။** မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်မှုနှုန်း အနိမ့်ဆုံးနိုင်ငံများထဲမှ တစ်ခုဖြစ်ပြီး (၂၀၁၈ ခုနှစ်တွင် ၄၂ ရာခိုင်နှုန်း) လူတစ်ဦးချင်း၏ ပျမ်းမျှ နှစ်စဉ် လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှုန်း (၂၀၁၆ ခုနှစ်တွင် လူတစ်ဦးလျှင် ၁၉၃ kWh) သည် အရှေ့အာရှနှင့် ပစိတ်ဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများထက် ၃.၅ ဆ ပိုနည်းပါသည်။ သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခသည် ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ပိုနည်းနေခြင်းက ထိုကဏ္ဍတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးတွင် အကန့်အသတ် ဖြစ်စေပါသည်။ လူဦးရေနှစ်သန်း သို့မဟုတ် ကျေးလက်နေ လူဦးရေ၏ထက်ဝက်ခန့်သည် အခြေခံလမ်းများကို လက်လှမ်းမီ အသုံးပြုနိုင်ခြင်းမရှိဟု ခန့်မှန်းထားပါသည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် မော်တော် ယာဉ် အစီးရေ နှစ်ဆတိုးလာသော်လည်း အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်စလုံးမှ သယ်ယူပို့ဆောင်ရေးအတွက် လက်ရှိ ရင်းနှီးမြှုပ်နှံထားမှု အတိုင်းအတာသည် GDP ၏ ၁-၁.၅ ရာခိုင်နှုန်းသာ ရှိသည်ဟု ခန့်မှန်းသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု၏

အလားတူအဆင့်တွင် ရောက်ရှိနေသော အခြားနိုင်ငံများရှိ GDP ၏ ၃-၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်မည်ဆိုလျှင် နည်းပါးလျက်ရှိသည်။ ပြည်သူများအား ဝန်ဆောင်မှုများ၊ ဈေးကွက်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရန် တယ်လီဖုန်း ဆက်သွယ်ရေးနည်းလမ်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မည့် အခွင့်အလမ်းကိုလည်း ယခုထက်တိုင် များများစားစား အသုံးချရခြင်း မရှိသေးပါ။

၁၃။ **လူသားအရင်းအနှီးအတွက် ရင်းနှီးမြှုပ်နှံမှုများမှာလည်း လုံလောက်ခြင်းမရှိသေးဘဲ မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ ဖွဲ့စည်းပုံအခွင့်အလမ်းသည် မကြာမီ စတင်ပျောက်ကွယ်တော့မည်ဖြစ်ပါသည်။** မြန်မာနိုင်ငံ၏ လူသားအရင်းအနှီးအညွှန်းကိန်း (Human Capital Index - HCI) အရ ကနေ့မွေးဖွားလာသော ကလေးများတွင် ၄၇ ရာခိုင်နှုန်းသာလျှင် အရည်အသွေး မြင့်မားသော ကျန်းမာရေး၊ အာဟာရနှင့် ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိမည်ဖြစ်သဖြင့် ကြီးပြင်းလာသောအခါ ထုတ်လုပ်နိုင်စွမ်းရှိသူများ ဖြစ်လာနိုင်မည်ဟု ခန့်မှန်းတွက်ချက်နိုင်ပါသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် HCI အညွှန်းကိန်းတွင် များစွာနိမ့်ကျလျက် ရှိပါသည်။ ကျွမ်းကျင်လုပ်သားမရှိခြင်းသည် လုပ်ငန်းတိုးတက်ရေးအတွက် အဓိက ကန့်သတ်ချက်တစ်ခုဖြစ်ကြောင်း ကုမ္ပဏီများက ဆိုပါသည်။ ထိုသို့ ဖြစ်ရခြင်း အကြောင်းရင်းမှာ အစိုးရ၏ အခြေခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့်စနစ်များတွင် ရင်းနှီးမြှုပ်နှံမှုများသည် မြှုပ်နှံသင့်သည်ထက်များစွာ ပို၍နည်းပါးနေခြင်းကြောင့်ဖြစ်ပါသည်။ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်မှုတို့အတွက် အသုံးစရိတ်များသည် မကြာသေးမီနှစ်များအတွင်းက လျှင်မြန်စွာ တိုးပွားလာပြီး လူသားဖွံ့ဖြိုးမှု ရလဒ်များ တိုးတက်လာသော်လည်း ယင်းသည် ယခင် ခေတ်အဆက်ဆက်က လူသားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုများကို လျစ်လျူရှုထားခဲ့ခြင်းအား တစ်စိတ်တစ်ပိုင်းမျှကိုသာ ပြန်လည် ကုစားနိုင်ပါသေးသည်။ ဝန်ဆောင်မှု များ မရရှိဆုံး၊ အားနည်းချို့တဲ့ဆုံးသော သူများထံ အရောက်ပံ့ပိုးပေးနိုင်ရန် အားထုတ်မှုများ လုံလောက်စွာ မရှိခြင်းကလည်း နိုင်ငံ၏ စီးပွားရေးတွင် ပါဝင်ထောက်ကူပေးမည့် နိုင်ငံ၏ လူသားအရင်းအမြစ်များကိုလည်း အကန့်အသတ် ဖြစ်စေပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေဖွဲ့စည်းပုံသည် လူငယ်လူဦးရေ အများအပြားပါဝင်သည့် လူဦးရေ အမျိုးအစား ဖွဲ့စည်းပုံမှ သက်ကြီးရွယ်အိုလူဦးရေ အမျိုးအစား အများအပြားပါဝင်သည့် ဖွဲ့စည်းပုံသို့ လျင်မြန်စွာကူးပြောင်းရောက်ရှိသွားမည်ဟု ခန့်မှန်းထားသည်။ လက်ရှိ လူဦးရေ ခန့်မှန်းတွက်ချက်မှုများအရ ထိုကာလသည် ၂၅ နှစ်မျှသာ ကြာမြင့်မည်ဟု ခန့်မှန်းရပါသည်။ အနာဂတ်တွင် လုပ်သားအင်အားစုအတွင်း ဝင်ရောက်လာမည့်သူများအတွက် သင့်လျော်သည့် ကျွမ်းကျင်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို လက်လှမ်းမီမှုရှိရေးသည် ဖွံ့ဖြိုးမှုအလားအလာ ပိုမိုကြီးမားလာစေရန်အတွက် အဓိကသော့ချက် ဖြစ်ပါသည်။

၁၄။ **သဘာဝသယံဇာတအရင်းအမြစ်များအား ထုတ်ယူသုံးစွဲနေမှုက ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် အန္တရာယ်ဖြစ်နိုင်ခြေများကို တိုးပွားစေပါသည်။** လက်ရှိတွင် ပြန်လည် ပြည့်ဖြိုးလာမည်မဟုတ်သည့် အရင်းအမြစ်များ အပေါ် မှီခိုအားထားနေမှုနှင့် သဘာဝသယံဇာတများအား လွဲမှားစွာ စီမံအုပ်ချုပ်လုပ်ကိုင်နေမှုများသည် သဘာဝအရင်းအနှီးများ (ဓာတ်သတ္တုများ၊ ငါးလုပ်ငန်းများ၊ သစ်တောများ)ကို ကုန်ခမ်းစေလျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအတွက် ကျယ်ပြန့်သော အကျိုးကျေးဇူးများကို ဖန်တီးပေးနိုင်ခြင်းမရှိဘဲ လက်တစ်ဆုပ်စာလူတစ်စု၏ အကျိုးစီးပွားအတွက်သာ ဖြစ်စေပါသည်။ သစ်တောပြုန်းတီးမှုနှုန်းသည်လည်း ကမ္ဘာပေါ်တွင် အလျှင်မြန်ဆုံးဖြစ်ပါသည်။ မှန်မှန် ဖြစ်ပေါ်လျက်ရှိသည့် မြို့ပြဖြစ်ထွန်းမှုနှင့်အတူ သဘာဝသယံဇာတများအား လက်ရှိထုတ်ယူသုံးစွဲနေမှု အတိုင်းအတာသည် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးနှုန်းကို မြန်ဆန်စေပြီး ရေအရည်အသွေးကို ထိခိုက်စေလျက်ရှိသဖြင့် သက်မွေးမှု အလုပ်အကိုင်များနှင့် ကျန်းမာရေးအတွက် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများမှာလည်း မြင့်မားနေပါသည်။ သို့သော် နိုင်ငံမှ ထိတွေ့ခံစားရနိုင်ခြေ အလွန်မြင့်မားသည့် ရာသီဥတုကြောင့် ရုတ်တရက် ကျရောက်လာနိုင်သည့် ဘေးများ၏ သက်ရောက်မှုကို ခံနိုင်ရည်ရှိရန်နှင့် လျော့ပါးအောင် ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှုများလည်း နည်း ပါးနေပါသည်။

၁၅။ **မကြာသေးမီက ပြုလုပ်ခဲ့သော မူဝါဒဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများက စိန်ခေါ်မှုများကို ဖြေရှင်းလိုသည့် ပြင်းပြသော ဆန္ဒအား ပြသခဲ့ပါသည်။** အသွင်ကူးပြောင်းမှု အစောပိုင်းကာလများက တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍကို ဖွင့်ပေးခဲ့စဉ်က ကဲ့သို့ လက်လီ၊ လက်ကား၊ အာမခံနှင့် ဘဏ်လုပ်ငန်းကဏ္ဍများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖွင့်ပေးရန် မကြာမီက လှမ်းခဲ့သောခြေလှမ်းများသည် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေးတို့အား အလျှင်အမြန် တိုးတက်စေနိုင်သည့် အလားအလာ ရှိနေပါသည်။ အာဟာရ၊ အခြေခံပညာရေးနှင့် လူမှုရေး ကာကွယ်စောင့်ရှောက်မှုစနစ်များတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်ခဲ့ခြင်းက အလားအလာကောင်းများကို ဖြစ်ပေါ်စေပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုအတွက် ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်များကိုလည်း စတင်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ အရေးကြီးသည်မှာ မြန်မာနိုင်ငံသည် မကြာသေးမီက ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်အဖြစ် မျှော်မှန်းသည့် အနာဂတ်အတွက် ဘက်စုံ မျှော်မှန်းချက်အား MSDP စီမံကိန်းအဖြစ် ချမှတ်ပုံဖော်ခဲ့ခြင်းပင် ဖြစ်ပါသည်။

## ပြုပြင်ပြောင်းလဲမှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ပြီး အသွင်ကူးပြောင်းမှုမှ ရရှိသော အကျိုးကျေးဇူးများအား ပိုမိုကျယ်ပြန့်စွာ ခွဲဖြန့်မျှဝေပေးရန် လိုအပ်ပါသည်။

၁၆။ **ကနေ့အချိန်တွင် မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းမှု၏ အစောပိုင်းကာလများက စတင်ခဲ့သော နက်ရှိုင်းသည့် အပြောင်းအလဲများကို အားပြုကာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ပြန်လည် မြှင့်တင်ရန်၊ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်များအား ပိုမိုကျယ်ပြန့်စွာ ခွဲဝေပေးရန်နှင့် အနာဂတ်မျိုးဆက်များအတွက် ရေရှည်တည်တံ့မှုရှိအောင် ဆောင်ရွက်ပေးရန်အတွက် အပြန်အလှန် ဆက်နွယ်နေသော လမ်းကြောင်းသုံးခုကို လိုက်ပါလျှောက်လှမ်းလိုသည့် ဆန္ဒရှိကောင်းရှိနိုင်ပါသည်။** ထိုသို့ ဆောင်ရွက်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများကို မောင်းနှင်တွန်းအားပေးမည့် ရဲရင့်သော မူဝါဒများ၊ အမြော်အမြင်ရှိပြီး အားလုံး ပါဝင်ဆောင်ရွက်ခွင့်ရသော အဖွဲ့အစည်းများ လိုအပ်မည် ဖြစ်ပါသည်။ ဇယား ဝ-၁ တွင် ဦးစားပေးရမည့် မူဝါဒ နယ်ပယ်များနှင့် တိုးတက်မှုအတွက် ဆောင်ရွက်ချက်များကို အကျဉ်းချုပ် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလမ်းကြောင်း သုံးခုအား ဖော်ပြထားပါသည်။

## လမ်းကြောင်း ၁ - စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်အတွက် စီးပွားရေး နှင့် ဘဏ္ဍာရေးကဏ္ဍ စီမံအုပ်ချုပ်မှု ခိုင်မာအားကောင်းအောင် လုပ်ဆောင်ခြင်း၊

၁၇။ **ယခုအခါ အားကောင်းသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို ရရှိရန်အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပိုမို နက်ရှိုင်းစွာ ပြုလုပ်ရန် လိုအပ်နေပြီဖြစ်သည်။ ယခုအချိန်အထိ မြန်မာနိုင်ငံသည် အခြေခံအကျဆုံးသောအပိုင်းများတွင် တည့်မတ်လာအောင် မှန်ကန်စွာ ဦးတည်စူးစိုက်ဆောင်ရွက်လာနိုင်ခဲ့ပါသည်။** ယင်းက အကျိုးရလဒ်များကို ချက်ချင်း လက်ငင်း ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ဘဏ္ဍာရေးလိုငွေပြမှုများကို လျှော့ချခြင်းနှင့် အဆိုပါလိုငွေပြမှုများအား လျော့နည်းအောင် သီးခြားလွတ်လပ်မှု ပိုရှိသည့် ဗဟိုဘဏ်မှ ပံ့ပိုးဆောင်ရွက်ခြင်းများက ငွေကြေးဖောင်းပွမှုကို လျော့နည်းစေပြီး ငွေလဲနှုန်းကို တည်ငြိမ်စေပါသည်။ ဆက်သွယ်ရေးနှင့် ကုန်ထုတ်လုပ်မှုကဲ့သို့သော ကဏ္ဍများအား ရင်းနှီးမြှုပ်နှံမှုများ၊ အထူးသဖြင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများကိုဖွင့်ပေးခြင်းနှင့် ကုန်သွယ်ရေး ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းတို့သည် ကုန်သွယ်ရေး လိုငွေပြမှုကို လျော့နည်းစေခဲ့ပြီး အလုပ်အကိုင်ရရှိမှု တိုးပွားလာကာ အမျိုးအစား ပိုမိုများပြားစုံလင်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအား ပိုမိုသက်သာသော ဈေးနှုန်းများဖြင့် ရရှိအောင် ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ သို့သော် ရေရှည်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ် ဆက်လက် ရရှိသွားစေရန်အတွက် အဆိုပါအခြေခံအုတ်မြစ်များကို ပိုမိုခိုင်မာအောင် တည်ဆောက်ကာ ထိုအုတ်မြစ်များပေါ်တွင် အားပြု၍ ဆက်လက်ဆောင်ရွက်သွားဖို့ လိုမည်ဖြစ်သည်။ အခြေခံအဆောက်အအုံပံ့ပိုးမှုနှင့် ထိရောက်သောဈေးကွက်များအတွက် ဒုတိယမျိုးဆက် ပြုပြင်ပြောင်းလဲရေးများသည် ပိုမိုခက်ခဲပါလိမ့်မည်။ သို့သော် ရရှိမည့် အကျိုးကျေးဇူးများမှာလည်း ပို၍ ရေရှည်ခံနိုင်ပါသည်။ ထိုပြုပြင်ပြောင်းလဲမှုများကို ဥပမာပြရလျှင် လျှပ်စစ်မီတာခများအား ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကာမိနိုင်သည်အထိ တိုးမြှင့်ကောက်ခံသည့် တစ်ချိန်တည်းတွင် ဝင်ငွေနည်းသော လျှပ်စစ်အသုံးပြုသူများကိုလည်း ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဘဏ်လုပ်ငန်း၊ အာမခံနှင့် လက်လီရောင်းဝယ်ရေးကဏ္ဍများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား စနစ်တကျ စည်းကမ်းထိန်းသိမ်းဆောင်ရွက်စေခြင်းနှင့် ဘဏ်အတိုးနှုန်းများ ထိန်းချုပ်သတ်မှတ်မှုအား တဖြည်းဖြည်းချင်း ဖြေလျှော့ပေးခြင်းတို့ ဖြစ်ပါသည်။ အဆိုပါ ပြုပြင် ပြောင်းလဲမှုများသည် ပုဂ္ဂလိက ကဏ္ဍအား ယှဉ်ပြိုင်နိုင်စွမ်း ရှိအောင် အားပေးမြှင့်တင်ပေးခြင်းနှင့် ပြည်သူများအား ခွဲခြားဆက်ဆံမှုမရှိဘဲ ဝန်ဆောင်မှုများ၊ ဈေးကွက်များဖြင့် ချိတ်ဆက်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာကို မြှင့်တင်ပေးပါလိမ့်မည်။

## လမ်းကြောင်း ၂ - ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ရန်နှင့် သာယာဝပြောမှုကို ခွဲဖြန့်မျှဝေပေးရန်အတွက် အားလုံး ပါဝင်နိုင်သော အဖွဲ့အစည်းများနှင့် အားလုံးအတွက် လူသားအရင်းအနှီးများကို စုဆောင်းတည်ဆောက်ခြင်း

၁၈။ **မြန်မာနိုင်ငံသည် ငြိမ်းချမ်းကို အားပေးမြှင့်တင်ရန်၊ သာယာဝပြောမှုများကို ခွဲဖြန့်မျှဝေပေးနိုင်ရန်နှင့် ဆင်းရဲမှုကို လျှော့ချရန် အခွင့်အလမ်းများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် အားလုံးပါဝင်နိုင်မှုရရှိရေးကို ပိုမိုအလေးထား ဆောင်ရွက်ဖို့ လိုနေပြီဖြစ်သည်။** အသွင်ကူးပြောင်းမှုမှ ရရှိလာသည့် အကျိုးကျေးဇူးများအား နေရာအနှံ့သို့၊ ဝင်ငွေအုပ်စု အားလုံးထံသို့ ပိုမိုကျယ်ပြန့်စွာမျှဝေပေးခြင်းသည် ဆင်းရဲမှုလျှော့ချရေးအတွက် အဓိကအချက်ဖြစ်ရုံသာမက ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာများကို တိုးပွားစေမည်ဖြစ်ပါသည်။ အာဟာရ ချို့တဲ့မှုကြောင့် ပုညက်မှု အရပ်ပုမှု ၂၉ ရာခိုင်နှုန်း၊ အလယ်တန်းကျောင်းအပ်နှံမှုနှုန်း ၇၁ ရာခိုင်နှုန်းနှင့် လူဦးရေ ၃၀ ရာခိုင်နှုန်းကျော်အတွက် အခြေခံ သောက်သုံးရေ တစ်နှစ်ပတ်လုံး ရရှိနိုင်မှုမရှိခြင်းများ၏ အကျိုးဆက်များကို ရှေ့လာ

မည့်နှစ်များတွင် ခံစားရဦးမည်ဖြစ်ရာ ယင်းသည် လူသားအရင်းအနှီး၏ အပြည့်အဝထုတ်လုပ်နိုင်စွမ်းအားကို အကန့်အသတ် ဖြစ်စေပါလိမ့်မည်။ နေရာဒေသနှင့်ကိုယ်ပိုင် သတ်မှတ်ချက်လက္ခဏာများကို အကြောင်းပြုကာ လူမှုဖူလုံရေးနှင့် အရည်အသွေး ပြည့်သော အခြေခံဝန်ဆောင်မှုများနှင့် လူမှုဘဝဖူလုံမှုများကို လက်လှမ်းမီရရှိမှုတွင် တန်းတူညီမျှ မရှိခြင်းများက ထိခိုက်နစ်နာဆုံးရှုံးမှုများကို ပိုမိုဆိုးရွားစေမည်ဖြစ်ပြီး ယင်းသည် ရံဖန်ရံခါတွင် အကြမ်းဖက်မှုများအဖြစ် အသွင်ပြောင်းသွားပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရှိန်တန့်သွားမှုနှင့် ရခိုင်ပြည်နယ် အကြပ်အတည်းကို ကြုံတွေ့နေရချိန်တွင် အဆိုပါ ကွာဟချက်များကို ကိုင်တွယ်ဖြေရှင်းရန် ပို၍ပင် အရေးကြီးနေပါသည်။ နိုင်ငံ၏ မတူကွဲပြားမှုများကို ပိုမို ကိုယ်စားပြုနိုင်သော အဖွဲ့အစည်းများ၊ ဗဟိုနှင့် ပြည်နယ်များ/ တိုင်းဒေသကြီးများကြား လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များကို ဘက်ညီမျှတစေမည့် ဘဏ္ဍာရေးအစီအစဉ်များ၊ ပဋိပက္ခဒဏ်သင့်ဒေသများတွင် အစိုးရ မဟုတ်သော ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုနိုင်ပါသည်။ ထို့ပြင် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် ဒေသအလိုက် ကွဲပြားခြားနားသည့် လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်အောင်လည်း လုပ်ဆောင်ရပါမည်။ ဤနည်းဖြင့် မကြာသေးမီနှစ်များအတွက် ရရှိထားသည့် စီးပွားရေးတိုးတက်မှုများကို ပြောင်းပြန်လှန်ပစ်နိုင်သည့် တင်းမာမှုများကို ရှောင်ရှားနိုင်မည် ဖြစ်ပြီး ငြိမ်းချမ်းရေးကို အားပေးကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို တည်ဆောက်နိုင်ပါလိမ့်မည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသား နှင့် ဘာသာရေး လူနည်းစုများအား ပေါင်းစည်း ထည့်သွင်းရေးတွင် တရားဝင် (formal) နှင့် အလွတ်သဘော (informal) တည်ရှိနေသော အဟန့်အတားများကို ဖယ်ရှားပေးရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် စနစ်များအတွက် ထိရောက်၍ သာတူညီမျှသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းသည် ပိုမိုခိုင်မာတောင့်တင်းသော လူသားအရင်းအနှီးကို ရရှိစေမည် ဖြစ်ပြီးလာမည့် ဆယ်စုနှစ်များအတွင်း ပိုမိုမြင့်မားသော ကုန်ထုတ်စွမ်းအားနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည် ဖြစ်ပါသည်။

## လမ်းကြောင်း ၃ - သဘာဝမှ ပေးအပ်ထားသော အဖိုးတန်အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ် လုပ်ကိုင်ခြင်းနှင့် ရေရှည်သာယာဝပြောရေးအတွက် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း တည်ဆောက်ခြင်း

၁၉။ **ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှု မြှင့်တင်ခြင်းနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား စီမံခန့်ခွဲခြင်းတို့သည် ရေရှည်တည်တံ့၍ အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် အလွန်ပင်အရေးကြီးပါသည်။** ဖွံ့ဖြိုး တိုးတက်မှုသည် အနာဂတ်မျိုးဆက်များအတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်စေပြီးမှ ရရှိခြင်းမျိုး မဖြစ်သင့်ပါ။ ထို့ပြင် ကနေ့ခေတ် ပြည်သူများ၊ အထူးသဖြင့် အဆင်းရဲဆုံးသူများ၏ အသက်မွေးဝမ်းကျောင်းမှုများကို ထိခိုက်စေပြီး ဘေးကင်းလုံခြုံရေးကို ခြိမ်းခြောက်နိုင်သည့်နည်းလမ်းဖြင့် သဘာဝသယံဇာတများ ကုန်ခမ်းသွားအောင်၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ပြီးမှ ဖွံ့ဖြိုးတိုးတက်ခြင်းမျိုးလည်း မဖြစ်သင့်ပါ။ မြန်မာနိုင်ငံသည် နိုင်ငံ၏ ကြွယ်ဝလှသော အဖိုးတန်သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲအုပ်ချုပ်ပုံ၊ စောင့်ကြည့်လေ့လာပုံနှင့် အသုံးပြုပုံနည်းလမ်းကို ပြောင်းလဲရန် လိုအပ်နေပါသည်။ မြေယာ၊ သစ်တောများနှင့် ငါးလုပ်ငန်းများ အသုံးပြုမှုအတွက် ပိုမိုသာတူညီမျှသော ဥပဒေမူဘောင်များ လိုအပ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံသည် တဖြည်းဖြည်း တိုးပွားလာသော မြို့ပြဖြစ်ထွန်းမှုများနှင့် ဆက်နွှယ်နေသည့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများနှင့် ဘေးအန္တရာယ်များကို စီမံကိုင်တွယ်ဖြေရှင်းရန်လည်း ယခုထက်ပို၍ လုပ်ဆောင်နိုင်ပါသည်။ ဥပမာ မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့ကို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ပျက်စီးဆုံးရှုံးမှု၏ အကျိုးသက်ရောက်မှုများကို စီမံကိုင်တွယ်ဆောင်ရွက်ခြင်း သာမက မူလအခြေအနေသို့ပြန်ရောက်စေရန် ကြိုးပမ်းနိုင်ပါသည်။ ဥပမာ မြန်မာနိုင်ငံ သစ်တောများ ပြန်လည် ထူထောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမျိုးဖြစ်ပါသည်။ အလားတူပင် နိုင်ငံအနေဖြင့် ရာသီဉတုနှင့်ဆက်စပ်နေသော ရုတ်တရက်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များနှင့် လျှော်ကဲ့သို့ အခြားသော သဘာဝဘေးများအတွက် ၎င်းတို့၏ နောက်ဆက်တွဲဆိုးကျိုးများ လျော့ပါးအောင် ဆောင်ရွက်ခြင်းအပြင် ကြိုတင်ပြင်ဆင်မှုများကို တိုးမြှင့်ပြုလုပ်ရန် လိုအပ်ပါသည်။

## ကဏ္ဍပေါင်းစုံနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ၊ မူဝါဒများအား အကောင်အထည်ဖော်ရာတွင် ထိရောက်မှု ရှိစေရန်နှင့် သာတူညီမျှစွာ အကောင်အထည်ဖော်နိုင်စေရန် အစိုးရအဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲခြင်း

၂၀။ **ဤမျှ ကြီးမားကျယ်ပြန့်၍ စိန်ခေါ်မှုများ ပြည့်နှက်နေသော လုပ်ငန်းစဉ်အား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာအားကောင်းသော အဖွဲ့အစည်းများ လိုအပ်ပါသည်။** ဤ လေ့လာဆန်းစစ်မှုတွင် ဖော်ပြထားသော ဦးစားပေးဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်နိုင်ရန်နှင့် ယင်းတို့နှင့် ကိုက်ညီသည့် MSDP ၏ မျှော်မှန်းချက်ပြည့်မီနိုင်စေရန်အတွက် မူဝါဒရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုများကို ပေါင်းစပ်ညှိနှိုင်း၊ စောင့်ကြည့်လေ့လာရသော အစိုးရ အဖွဲ့အစည်းများထံမှ ပိုမို ထိရောက်ကောင်းမွန်သော လုပ်ငန်းစွမ်းဆောင်မှုများ လိုအပ်ပါလိမ့်မည်။ စီးပွားရေးဖွံ့ဖြိုး

တိုးတက်လာစေရန်၊ အားကောင်း ခိုင်မာသော ပုဂ္ဂလိက စီးပွားရေး ကဏ္ဍတစ်ရပ် ဖြစ်ထွန်းလာနိုင်ရန်၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှုများ ထိရောက်စွာ ပေးအပ်နိုင်ရန်နှင့် သဘာဝအရင်းအမြစ်များအား ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အနာဂတ်အား ဦးတည်ထားသည့် မူဝါဒများ ရေးဆွဲချမှတ် အကောင်အထည်ဖော်နိုင်ရန်အတွက် ဗဟိုနှင့် ဒေသန္တရ အဆင့်နစ်ဆင့်စလုံး၏ ဆောင်ရွက်ပုံ နည်းလမ်းဟောင်းများနှင့် ဌာနတွင်း စီမံခန့်ခွဲမှုများအား ခေတ်မီစေရန် ပံ့ပိုးပေးရမည်။ ကိုယ်စားပြုမှု၊ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု ပိုရှိသော အများပြည်သူဆိုင်ရာ/အစိုးရ ကဏ္ဍတစ်ရပ် ပေါ်ထွန်းလာရေးသည် လက်တစ်ကမ်းတွင် ရောက်ရှိနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတော် စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (National Economic Coordination Committee) အား လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ ခေတ်မီပြည်သူ့ဘဏ္ဍာစီမံ ခန့်ခွဲမှုစနစ်တစ်ခုကို ထူထောင်ရန်၊ အချက်အလက် ပြုစုထုတ်ပြန်မှုနှင့် သက်သေအထောက်အထား အခြေခံသော မူဝါဒချမှတ်မှုများကို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ရန်နှင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်နှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမှုတို့တွင် အခက်အခဲများအား ဖြေရှင်းနိုင်မည့် ဒစ်ဂျစ်တယ်နည်းလမ်းများ၏ အလားအလာကို ဖော်ထုတ် အသုံးပြုရန်တို့အတွက် လုပ်ငန်းအဆင့်ဆင့်ကို လုပ်ဆောင်နေပြီဖြစ်ရာ ထိုလုပ်ဆောင်ချက်များပေါ်တွင် အခြေပြုကာ ရှေ့ဆက်တိုးတက်အောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

**ဇယား ၀-၁။ | လျော့ကျလုမ်းနိုင်မည့် လမ်းကြောင်းများအား ဦးစားပေးမူဝါဒနယ်ပယ်များ၊ အဓိကကျသော မူဝါဒလုပ်ဆောင်ချက်များနှင့်အတူ အကျဉ်းချုပ်တင်ပြချက်**

| လမ်းကြောင်း | တိုးတက်အောင် လုပ်ဆောင်ရမည့် မူဝါဒ နယ်ပယ် | မူဝါဒ လုပ်ဆောင်ချက် ၁ | မူဝါဒ လုပ်ဆောင်ချက် ၂ | မူဝါဒ လုပ်ဆောင်ချက် ၃ | မူဝါဒ ဦးစား ပေးမှု |
|---|---|---|---|---|---|
| ၁။ စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးမှုရရှိရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်အတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍ စီမံအုပ်ချုပ်မှုကို အားကောင်းအောင် လုပ်ဆောင်ခြင်း၊ | ၁-၁။ ဘဏ္ဍာရေး ဟန်ချက်ညီမှုနှင့် မေခရို စီးပွားရေး တည်ငြိမ်မှုကို ထိန်းသိမ်းခြင်း | နိုင်ငံတော်၏ အခွန်ဘဏ္ဍာ တိုးပွားအောင် ဆောင်ရွက်ရန်၊ | အသုံးစရိတ်များ တိုးမြှင့်သုံးစွဲခြင်းနှင့် ပိုမိုထိရောက်စွာ သုံးစွဲရန်၊ | မေခရိုငွေရေးကြေးရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို စီမံကိုင်တွယ်ရန်၊ | အရေးကြီး |
| | ၁-၂။ သင့်လျော်ကောင်းမွန်သော၊ ထိရောက်သော၊ အားလုံးပါဝင်နိုင်သော ဘဏ္ဍာရေးစနစ်တစ်ခု တည်ထောင်ခြင်း၊ | ဘဏ္ဍာရေး တည်ငြိမ်မှုကို ထိန်းသိမ်းရန်၊ | ငွေရေးကြေးရေး လက်လှမ်းမီမှု ရရှိအောင် ဆောင်ရွက်ပေးရန်၊ | ငွေရေးကြေးရေး ဈေးကွက်အား တိုးချဲ့ရန်၊ | အလယ်အလတ် |
| | ၁-၃။ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံ၊ လည်ပတ်နိုင်စေမည့် အခြေအနေများကို ပိုမိုဖန်တီးပံ့ပိုးပေးခြင်း၊ | ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့၏ အစပ်အဟပ်မိမှု အားကောင်းအောင် ဆောင်ရွက်ရန်၊ | နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်မှု၊ ပေါင်းစည်းဝင်ရောက်မှုများ တိုးတက်အောင် ဆောင်ရွက်ရန်၊ | ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်မှုကို အားပေးမြှင့်တင်ရန်၊ | အလယ်အလတ် |
| | ၁-၄။ အခြေခံအဆောက်အအုံနှင့် နည်းပညာ ကွာဟချက်များကို ဖြည့်ဆည်းခြင်း၊ | သယ်ယူပို့ဆောင်ရေး ကွန်ရက်များ တိုးချဲ့ရန်နှင့် တိုးတက်ကောင်းမွန်အောင်လုပ်ရန်၊ | ၂၀၃၀ ပြည့်နှစ်တွင် မြန်မာ ပြည်သူများအားလုံး အရည်အသွေးရှိသော လျှပ်စစ်စွမ်းအင် ဝန်ဆောင်မှုများ ရရှိစေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ | အလုပ်အကိုင်များအတွက်နှင့် စတုတ္ထစက်မှုတော်လှန်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးမှုကို အားပေးပံ့ပိုးရန်၊ | အရေးကြီး |
| | ၁-၅။ ကျေးလက်ဒေသများတွင် ဝင်ငွေဖန်တီးမှုအခွင့် အလမ်းများနှင့် လက်လှမ်းမီမှုများ တိုးပွားလာအောင် ဆောင်ရွက်ပေးခြင်း၊ | ကုန်ထုတ်စွမ်းအားနှင့် ထုတ်ကုန်အမျိုးမျိုး ပြောင်းလဲထုတ်လုပ်မှုတို့ တိုးတက်လာအောင် ဆောင်ရွက်ရန်၊ | ယှဉ်ပြိုင်မှုများကို အားပေး မြှင့်တင်ရန်၊ | အရင်းအမြစ်များအား ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ညှိနှိုင်းပံ့ပိုးရန်၊ | အရေးကြီး |

| လမ်းကြောင်း | တိုးတက်အောင် လုပ်ဆောင်ရမည့် မူဝါဒ နယ်ပယ် | မူဝါဒ လုပ်ဆောင်ချက် ၁ | မူဝါဒ လုပ်ဆောင်ချက် ၂ | မူဝါဒ လုပ်ဆောင်ချက် ၃ | မူဝါဒ ဦးစား ပေးမှု |
|---|---|---|---|---|---|
| ၂။ ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ရန် နှင့် သာယာဝပြော မှုကို ခွဲဖြန့်မျှဝေပေး ရန်အတွက် အား လုံးပါဝင်နိုင်သော အဖွဲ့အစည်းများနှင့် အားလုံးအတွက် လူသားအရင်းအနှီး များကို စုဆောင်း တည်ဆောက်ခြင်း | ၂-၁။ ငြိမ်းချမ်းရေး၊လူမှု ကျွမ်းဝင်ရင်းနှီး ပေါင်းစပ် မှုနှင့် အားလုံး ပါဝင်နိုင်မှု ပိုရှိသော အဖွဲ့အစည်း များကို အားပေးမြှင့် တင်ခြင်း၊ | အဖွဲ့အစည်းများ၏ အားလုံးပါဝင်နိုင်မှုနှင့် ကိုယ်စားပြုနိုင်မှုတို့ မြင့် မားလာအောင် ဆောင် ရွက်ရန် (ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းမှတစ်ဆင့် အပါအဝင်) | ရေရှည်ရှင်သန်ရပ်တည် နိုင်ရေး နည်းလမ်းများ အတွက် လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှုနှင့် လူမှုအဖွဲ့အစည်းအတွင်း ပေါင်းစည်း ပါဝင်စေခြင်း များကို အားပေးမြှင့်တင် ရန်၊ (ရခိုင်တွင် အပါအဝင်) | NCA အောက်ရှိ အမျိုး သားငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ပြန်လည်အားသစ် လောင်း ဆောင်ရွက်ရန်၊ | အရေး အကြီးဆုံး |
| | ၂-၂။ ပြည်သူများအား ကျန်းမာစွာ နေထိုင် နိုင်ရေးအတွက် အရည်အသွေးမီ ဝန်ဆောင်မှုများနှင့် ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက် ပေးခြင်းတို့အား သာတူညီမျှ ဆောင် ရွက်ပေးရန်စနစ်များ အားကောင်းလာအောင် ဆောင်ရွက်ပေးခြင်း၊ | နောက်ကျကျန်ခဲ့သူများ အတွက် အခြေခံ ဝန်ဆောင် မှုများ ထိရောက်လွှမ်းခြုံ ဆောင်ရွက်ပေးမှုကို တိုးမြှင့်လုပ်ဆောင်ရန်၊ | အခြေခံဝန်ဆောင်မှု များ၏ အရည်အသွေး တိုးတက်အောင် လုပ်ဆောင်ရန်၊ | ထိခိုက်လွယ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် နှင့် အဖိုးတန်လူသား အရင်းအနှီးများတွင် ရရှိထားသည့် တိုးတက် မှုများ ပြန်လည်ပျက်ပြား သွားမှု မရှိအောင် တားဆီးကာကွယ်ရန်၊ | အရေးကြီး |
| | ၂-၃။ ထုတ်လုပ်နိုင်စွမ်း ရှိသော အလုပ်အကိုင် များ ရရှိရန် အားလုံး အတွက် ပညာရေးနှင့် ကျွမ်းကျင်မှုများ ရရှိအောင် ဆောင် ရွက်ပေးခြင်း၊ | အရည်အသွေးမြင့် အခြေခံပညာရေးကို လက်လှမ်းမီမှု တိုးပွားအောင် ဆောင် ရွက်ရန်နှင့် ကလေးများ အားလုံးဘဝအစ တရား မျှတစွာ တန်းတူညီမျှ စတင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်၊ | အဆင့်မြင့်ပညာရေးနှင့် TVET တို့မှတစ်ဆင့် လို အပ်သော ကျွမ်းကျင်မှု များရရှိအောင် လေ့လာ ဆည်းပူးနိုင်ရေး အားပေး မြှင့်တင် ဆောင်ရွက်ပေး ရန်၊ | လူများအား သင့်တော် သည့် အလုပ်အကိုင်များ ရရှိအောင် ဆောင်ရွက် ပေးရန်နှင့် လူသား အရင်းအနှီးအတွက် ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်များ ပြန်လည်ရရှိအောင် ဆောင်ရွက်ရန်၊ | အရေး အကြီးဆုံး |
| ၃။ သဘာဝမှ ပေး အပ်ထားသော အဖိုး တန်အရင်းအမြစ် များ ရေရှည် တည်တံ့စေရန် စီမံအုပ်ချုပ် လုပ်ကိုင်ခြင်းနှင့် ရေရှည်သာယာ ဝပြောရေးအတွက် ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်း တည်ဆောက်ခြင်း | ၃-၁။ မြေယာနှင့် သဘာဝ သယံဇာတ များအား ပွင့်လင်း မြင်သာစွာ၊ သာတူညီမျှ ရှိစွာ၊ ရေရှည် တည်တံ့ စေမည့် နည်းလမ်းဖြင့် စီမံအုပ်ချုပ် လုပ်ကိုင် ခြင်း၊ | အရင်းအမြစ်များ သာတူ ညီမျှ အသုံးပြုနိုင်ရန် အတွက် ဥပဒေမူဘောင် များနှင့် ဝင်းမူဘောင်များ အား အကောင်အထည် ဖော်မှုတို့ အားကောင်း အောင် ဆောင်ရွက်ရန်၊ | သယံဇာတ လက်ကျန် ပမာဏများနှင့် ဘဏ္ဍာငွေရရှိမှုများကို ပိုမို ထိရောက် စွာ စီမံကိုင်တွယ်နိုင်ရန် အတွက် သဘာဝ သယံ ဇာတထုတ်ယူ သုံးစွဲမှု များအား စောင့်ကြည့် လေ့လာမှုများအား ကောင်း အောင် ဆောင်ရွက်ရန်၊ | သဘာဝအရင်းအနှီးများ ကုန်ခမ်းလာခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက် ပျက်စီးခြင်းများကို ရပ် တန့်ရန်နှင့် မူလအခြေ အနေ ပြန်ရောက်အောင် ဆောင်ရွက်ရန်၊ | အရေးကြီး |
| | ၃-၂။ ဘေးအန္တရာယ်များ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း တည်ဆောက်ခြင်း နှင့် ပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှု၏ သက်ရောက်မှုများ လျော့နည်းအောင် ဆောင်ရွက်ခြင်း၊ | ပတ်ဝန်းကျင် ထိခိုက် ပျက်စီးခြင်းကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့နည်းပါးစေရေး ဆောင်ရွက်ရန်၊ | ဘေးအန္တရာယ်နှင့် ရာသီ ဥတုပြောင်းလဲဒဏ်တို့ကို ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြှင့်တင်ပေးရန်၊ | အရေးပေါ်အခြေအနေ တုံ့ပြန်မှုနှင့် ပြန်လည်ထူ ထောင်ရေးများအား ကောင်းအောင် ဆောင် ရွက်ရန်၊ | အလယ် အလတ် |

| လမ်းကြောင်း | တိုးတက်အောင် လုပ်ဆောင်ရမည့် မူဝါဒ နယ်ပယ် | မူဝါဒ လုပ်ဆောင်ချက် ၁ | မူဝါဒ လုပ်ဆောင်ချက် ၂ | မူဝါဒ လုပ်ဆောင်ချက် ၃ | မူဝါဒ ဦးစား ပေးမှု |
|---|---|---|---|---|---|
| ကဏ္ဍပေါင်းစုံနှင့် သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်သည့် မူဝါဒများအား ထိရောက်၍ သာတူ ညီမျှစွာ အကောင် အထည်ဖော်မှု နိုင်ရေးအတွက် အစိုးရ အဖွဲ့အစည်း များကို ပြုပြင် ပြောင်းလဲခြင်း | **၄-၁။ အများပြည်သူ ဆိုင်ရာ/အစိုးရကဏ္ဍ အဖွဲ့အစည်းများ၏ ထိရောက်မှု၊ ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံမှု တို့ တိုးတက်အောင် ဆောင်ရွက်ခြင်း၊** | မူဝါဒရေးဆွဲမှုများ၏ တုံ့ပြန်ဖြည့်ဆည်းနိုင်မှုနှင့် အားလုံးပါဝင်နိုင်မှု တိုးပွားအောင် ဆောင်ရွက်ရန်၊ | ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု စနစ်များနှင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များအား ICT ကို ထိရောက်စွာ အသုံးပြုခြင်းအပါအဝင် နည်းလမ်းများဖြင့် အားကောင်းအောင် ဆောင်ရွက်ရန်၊ | နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ကြီး၏ အရည်အသွေးနှင့် ထိရောက်မှုတို့ မြင့်မား လာအောင် ဆောင်ရွက် ရန်၊ | အရေးကြီး |